

**THE INSTITUTE OF THE SISTERS OF REPARATION (ISR)**
**ဆပ်ဖြေခြင်းသီလရှင်းအသင်းဂိုဏ်း**



## အသင်းဂိုဏ်းသမိုင်းအကျဉ်း

သခင်ယေရှုး၏ရွှေနှလုံးတော်နှင့် မယ်တော်သခင်မ၏သန့်ရှင်းဖြူစင်သောနှလုံးတော် ထံ အပ်နှံပူဇော်ထားသော ဆပ်ဖြေခြင်းသီလရှင်ဂိုဏ်းကို ပီမေသာသနာပြုဂိုဏ်းဝင် ဖာသာရ်ချားလ်(စ်)ဆာလေးရီယို (Fr. Carlo Salerio) နှင့် မာသာရ် ကယ်ရိုလိုင်း အော်စေ့နီဂို (M. Caroline Orsenigo ) တို့မှ ၁၈၅၉ ခုနှစ် အောက်တိုဘာလ (၂)ရက်နေ့တွင် အီတလီနိုင်ငံ၊ မီလန်မြို့၌ တည်ထောင်ခဲ့ပါသည်။

ပထမဦးဆုံးသော ပီမေသာသနာပြုဘုန်းတော်ကြီးအဖွဲ့ဝင်များနှင့် Blessed Giovanni Mazzucconi ၏အဖော်များထဲမှတစ်ဦးလည်းဖြစ်သော ဖာသာရ် ချားလ်စ် ဆာလေးရီယိုသည် ၁၈၅၂ ခုနှစ်တွင် Oceania ကျွန်းသို့ သာသနာပြု ထွက်ခဲ့ပါသည်။ ၁၈၅၅ ခုနှစ်တွင် ဖခင် Salerio သည် ငှက်ဖျားရောဂါနှင့် အခြားသောရောဂါများကြောင့် မီလန်သို့ပြန်လည်ရောက်ရှိ လာခဲ့ရပါသည်။ ကျန်းမာရေးချို့တဲ့လာသောကြောင့် သူ့ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်သော်လည်း ဘုရားသခင်သည် မိမိထံမှမည်သည့်အရာကိုတောင်းဆိုလိုကြောင်း မေးခွန်းထုတ်ခဲ့သည်။ ဖာသာရ်ဆာလေးရီယိုသည် သူ၏မွေးရပ်မြေတွင်လည်း နှိပ်စက်ညှဥ်းပန်းခံရပြီး စွန့်ပစ်ခြင်းခံနေရသော ဝိညာဉ်များစွာရှိနေကြောင်းကို သူမြင်ခဲ့ပြီးဖြစ်သောကြောင့် သူတို့၏ ဘဝကိုပြန်လည်ထူထောင်ပေးလိုပြီး ၎င်းတို့၏ဝိညာဉ်များကယ်တင်ခြင်းရရှိစေလိုသည်။

ဘုရားသခင်သည် ဂရုဏာရေးစိတ်ဓါတ်နှင့်ပြည့်ဝပြီး ပညာဆည်းပူးခွင့်မရသော မိန်းကလေးများနှင့် အလုပ်သမားငယ်များကို ပြုစုစောင့်ရှောက်ပေးနေသောမိန်းမပျို ကာရိုလိုင်းအော်ဆေးနီဂိုနှင့် ဖာသာရ်ဆာလေးရီယိုတို့နှစ်ဦးအား တွေ့ဆုံစေခဲ့ပါသည်။ ထိုအချိန်၌ ကာရိုလိုင်းသည် ဆင်းရဲသောမိန်းကလေးများ၊ ခဝါသည်များ၊ ကလေးများ၊ မီးခိုးတိုင် သန့်ရှင်းရေးလုပ်သားများ၊ စက်ရုံအလုပ်သမားများကိုစုစည်းကာ ခရစ်ယာန် ပညာရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ခဲ့သည်။

ဘုရားသခင်၏ဘုန်းတော်ဂုဏ်တော်နှင့် ဝိညာဉ်များ ကယ်တင်ခြင်းဟူသော ဖာသာရ် ဆာလေးရီယို နှင့် ကာရိုလိုင်း အော်ဆေးနီဂိုတို့၏ တူညီသောဘုံအိမ်မက်ကို သူတို့အတူတကွ လက်တွေ့လုပ်ဆောင်ခဲ့ကြသည်။ စစ်၏ဂယက်ရိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရချိန်ဖြစ်သော်လည်းပဲ "မကောင်းမှုသည် သင်တို့ကို အနိုင်မယူစေနှင့်၊ ကောင်းကျိုးကိုပြုခြင်းအားဖြင့် မကောင်းမှုကိုအနိုင်ယူကြလော့"(ရောမ ၁၂း ၂၁)ဟူသော ဘုရားသခင်၏ကျမ်းစကားသည် ဖာသာရ် ဆာလေးရီယိုနှင့် အော်ဆေးနီဂိုတို့၏ နှလုံးသား ထဲတွင် ပဲ့တင်ထပ်စေခဲ့သည်။

ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းညွှန်မှုဖြင့် ဤမြင့်မြတ်သောအလုပ်ကို ထိရောက်စွာလုပ်ဆောင်နိုင်ရန်အတွက် သူတို့သည်ဆပ်ဖြေခြင်းအသင်းဂိုဏ်းကို တည်ထောင်ခဲ့ကြသည်။ ဖာသာရ်ဆာလေးရီယိုသည် မာသာရ်အော်ဆေးနီဂိုနှင့်အတူ ပထမဆုံးခေါ်တော်မူခြင်းခံရသောအမျိုးသမီးအဖွဲ့အတွက် စကားလုံးတစ်လုံးတည်းဖြင့် အကျဉ်းချုံးဖော်ပြခဲ့သည်မှာ "ကျွန်တော်သည် စကားလုံးများစွာပြောမည်မဟုတ်ပါ။ “ဆပ်ဖြေခြင်း” ဆိုသည့် စကားလုံးတစ်ခွန်းတည်းသာ ပြောပါမည်” ဟုရေးသားခဲ့ပါသည်။

ဆပ်ဖြေခြင်းသီလရှင်များသည် တစ်ဖက်တွင်တရားဘာဝနာစီးဖြန်းသော အသက်တာအဖြစ် စဉ်ဆက်မပြတ် ဆုတောင်းပဌနာပြုရပါသည်။ “**တရားဘာဝနာ စီးဖြန်းသော အသက်တာသည် သာသနာပြုအသက်တာ၏ အခြေခံအုတ်မြစ်ဖြစ်သင့်သည်** " (ဖာသာရ်ဆာလေးရီယို)။ နောက်တစ်ဖက်တွင် လူသား၏ကယ်တင်ခြင်းအတွက်တမန်တော်လုပ်ငန်း၌ပါဝင်ထမ်းဆောင်ကြရပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများအဖြစ် အသက်ရှင် နေထိုင်ရမည်ဖြစ်သည်။ ဤအကြောင်းကြောင့် ဖာသာရ်ဆာလေးရီယို ပြောခဲ့သည်မှာ “သင်တို့၏ချစ်ခြင်းမေတ္တာသည် ဘုရားသခင်၌သာ အဆုံးသတ်၍မရပါ။ ဘုရားသခင်အတွက်သာမက ဝိညာဉ်များအတွက်ပါ ကြီးမြတ်သောမေတ္တာ တစ်ခုလိုအပ်ပါသည်”။ “သင်တို့အား ငါဆိုသည်မှာ၊ သင်တို့၏ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကို နှိပ်စက်ညှဉ်းဆဲသောသူတို့အတွက် ဆုတောင်းပေးကြလော့”(မဿဲ ၅း၄၃-၄၈)။ ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာသည် ထိုမျှမကသေးပါ၊ ကျွန်ုပ်တို့သည် ခရစ်တော်ကဲ့သို့ ချစ်တတ်ရန်အတွက် ဘုရားသခင်၏မေတ္တာကို လိုအပ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်သကဲ့သို့ သူတော်စင်တို့သည် မိမိကိုယ်ကို ချစ်ရန်နှင့် အခြားသူများကိုလည်း ချစ်နိုင်စေရန်ဆုတောင်းကြရပြီး၊ ဒုက္ခအမျိုးမျိုးခံစားနေရသောသူများအတွက်နှင့် တစ်ပါးသူအား နှိပ်စက်ကလူပြုနေသောသူတို့၏နှလုံးသားများပြုပြင်ပြောင်းလဲနိုင်ရန်အတွက်လည်း ဆုတောင်းဆပ်ဖြေပေးကြရသည်။ ထို့အပြင် မကောင်းမှုကိုကြိုတင်ဟန့်တားရန် (သို့) တားဆီးနိုင်ရန် ဧဝံဂေလိတရားဟောပြောခြင်း၊ လူသားဘဝမြှင့်တင်ခြင်း၊ ပညာရေးနှင့် ပြုပြင်ပုံသွင်းခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းတို့သည်လည်း ဆပ်ဖြေခြင်းလုပ်ဆောင်ချက်များဖြစ်ပါသည်။

ဖာသာရ်ဆာလေးရီယို၏ သာသနာပြုစိတ်ဓာတ်နှင့် လမ်းညွှန်ပြသပေးမှုကြောင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် လူသားများအတွက်နေရာတိုင်းတွင် ဂရုဏာတရား/ချစ်ခြင်းမေတ္တာကို ဆောင်ကြဉ်းပေးရန် ဆပ်ဖြေခြင်းသီလရှင်များ ဖိတ်ခေါ်ခြင်းခံရသည်- "သင်တို့အား ကမ္ဘာအရပ်ရပ်သို့ သာသနာပြုသောသီလရှင်များဖြစ်စေလိုပါသည်"(ဖာသာရ်ဆာလေးရီယို)။ ၁၈၉၅ ခုနှစ်တွင် ပီမေသာသနာပြုဘုန်းတော်ကြီးများနှင့်အတူ မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိလာသည့် ဆပ်ဖြေခြင်းသီလရှင်များသည် သာသနာပြုမြေပြင်သို့

ရောက်ရှိစေလိုသည့် ဖာသာရ်ဆာလေးရီယို၏အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်စေခဲ့သည်။ မာသာရ်ကြီးအော်ဆေးနီဂိုပြောခဲ့သည်မှာ “ယခု ကျွန်ုပ်တို့သည် သေးငယ်သောမျိုးစေ့ဖြစ်သော်လည်း ဆပ်ဖြေခြင်းဆိုသည့်မျိုးစေ့သည် သစ်ပင်တစ်ပင်ဖြစ်လာပြီး ၎င်း၏အကိုင်းအခက်များသည် ကျယ်ပြန့်စွာပွားများပါလိမ့်မည်”။ မာသာရ်အော်ဆေးနီဂို၏ ထိုးထွင်းသိမြင်မှုအရ အသင်းဂိုဏ်းသည်ကျယ်ပြန့်လာပြီး ယခုအခါ အီတလီ၊ မြန်မာ၊ ဘရာဇီး၊ ဖိလစ်ပိုင်၊ ဩစတြေးလျနှင့် ပါပူဝါနယူးဂီနီတို့တွင် သာသနာအမှုတော်ကို ဆောင်ရွက်လျက်ရှိသည်။ အသင်းဂိုဏ်း၏စိတ်ထားအရ ဆပ်ဖြေခြင်းသီလရှင်များသည် အခြားအသင်းဂိုဏ်းများ ငြင်းပယ်သည့်နေရာများနှင့် သာသနာပြုလုပ်ငန်းကို ပို၍ နှစ်သက်ရန်နှင့် အခြားသူများမှ ထိုလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်လိုလျှင် လွှဲအပ်ရန် အဆင်သင့်ရှိရမည်ဖြစ်ပြီး အသင်းဂိုဏ်းဝင်သီလရှင်များသည် ပို၍အရေးကြီးလိုအပ်သော လုပ်ငန်းများအတွက် အစဉ်အမြဲ အဆင်သင့်ရှိနေရမည်။

## အသင်းဂိုဏ်းတည်ထောင်ခြင်း၏ရည်ရွယ်ချက်မှာ-

- အကျင့်စာရိတ္တယိုယွင်းနေသော အမျိုးသမီးငယ်များ၏ ဘဝကိုပြန်လည်ထူထောင်ရန်နှင့် ၎င်းတို့၏ဝိညာဉ်များကိုကယ်တင်ရန်။
- သခင်ယေဇူး၏မြင့်မြတ်သောနှလုံးသားနှင့် မယ်တော်သခင်မ၏မြင့်မြတ်သောနှလုံးတော်၏ စောင်မမှုအောက်၌ မိမိကိုယ်ကိုယဇ်ကောင်ပမာဆက်ကပ်ပြီး မိမိအပြစ်များအတွက်၊ လူသားများ၏အပြစ်များအတွက်နှင့် ကိုယ်တော်မြတ်စက္ကရမင်း မင်္ဂလာအား ထိခိုက်စော်ကားသောအပြစ်များအတွက် ကယ်တင်ရှင်နှင့်အတူပူးပေါင်းပြီးကယ်တင်ခြင်း လုပ်ငန်းကြီးတွင်ပါဝင်ရန်။
- အထူးသဖြင့် ခိုကိုးရာမဲ့ပြီးလူ့အသိုင်းအဝိုင်း၏အထင်သေးခြင်းခံရသော ပုဂ္ဂိုလ်များ၏ ဝိညာဉ်များကယ်တင်ခြင်းရရှိနိုင်ရန် မိမိတို့၏အသက်တာကိုဆက်ကပ်အပ်နှံခြင်းဖြင့် သူတို့၏လူနေမှုအဆင့်အတန်းကို မြှင့်တင်ရန်။


Founder
Fr. Charles Salerio

Logo

Motto


M. Caroline Orsenigo

**Sisters of Reparation Founder / Foundress' Logo and Motto**

## အသင်းဂိုဏ်း၏ဆောင်ပုဒ်

အသင်းဂိုဏ်း၏စံနှုန်းများနှင့် စိတ်နေသဘောထားကိုဂုဏ်း၏လက်ဝါးကားတိုင်ပါသော ဒိုင်းအမှတ်တံဆိပ်ပေါ်တွင် **ချစ်ခြင်းအားဖြင့်ကယ်တင်ခြင်း** ဟူသော စာတမ်းကို ရေးထိုးထားသည်။ ဤဆောင်ပုဒ်ကို လက်ဝါးကပ်တိုင်၊ သန့်ရှင်းမြင့်မြတ်သော ယေဇူး၏ ရွှေနှလုံးတော်၊ မွန်မြတ်သောမယ်တော်၏နှလုံးတော်၊ လီလီပန်းနှင့်နှင်းဆီပန်းတို့ဖြင့် ဖော်ပြထားပါသည်။

## လက်ဝါးကားတိုင်-

ဆပ်ဖြေခြင်းသီလရှင်များသည် မိမိတို့၏နေ့စဉ်လက်ဝါးကားတိုင်များကို ခရစ်တော်ယေဇူးနှင့်အတူမျှဝေထမ်းဆောင်လျက် ဘုရားရှင်၏ကယ်တင်ခြင်းအမှုတော်မြတ်၏ လုပ်ငန်းတွင် ဆောင်ရွက်ရန် ခေါ်တော်မူခြင်းခံရပါသည်။

## သခင်ယေဇူး၏သန့်ရှင်းမြင့်မြတ်သောနှလုံးတော်

ဆပ်ဖြေခြင်းသီလရှင်များသည် သခင်ယေဇူး၏ဒုက္ခစရိယာကို မျှဝေခံစားရန် သူ့ကိုနှစ်သိမ့်ရန်နှင့် သူ၏ချစ်ခြင်းမေတ္တာကို ဆန့်ကျင်သူများ၏အပြစ်များအတွက် ဆပ်ဖြေခြင်းအမှုပြုပေးရန် ဖိတ်ခေါ်ခံရသည်။

## မယ်တော်၏သန့်ရှင်းဖြူစင်သောနှလုံးတော်

ဆပ်ဖြေခြင်းသီလရှင်များသည် ဘုရားသခင်အတွက်သာ အသက်ရှင် နေထိုင်ရန်နှင့် လူသားတို့၏ကယ်တင်ခြင်းအတွက် မယ်တော်မာရီယားအသစ်ဖြစ်ရန် ခေါ်တော်မူခြင်းခံရသည်။

## လီလီနှင့် နှင်းဆီပန်း

လီလီနှင့်နှင်းဆီပန်းများသည် သန့်ရှင်းဖြူစင်ခြင်းနှင့်ချစ်ခြင်းမေတ္တာ၏သရုပ်ကို ဖော်ဆောင်သောသင်္ကေတများဖြစ်သည်။ ကယ်တင်ခြင်းအမှုတော်သည် သန့်ရှင်းဖြူစင်ခြင်းနှင့် ချစ်ခြင်းဖြင့်သာလျှင်ရရှိနိုင်ကြောင်းကို ၄င်းတို့၏သင်းပျံ့သောအသက်တာအားဖြင့် ကမ္ဘာကိုကြေငြာလျက်ရှိနေပါသည်။

## ကျင့်စဉ်

ဆပ်ဖြေခြင်းသီလရှင်တို့၏ကျင့်စဉ်သည် "ဆပ်ဖြေခြင်း" ဖြစ်သည်။ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာကို ဆန့်ကျင်သော အပြစ်အတွက် ဆပ်ဖြေခြင်းဖြစ်သည်။

**မည်ကဲ့သို့ဆပ်ဖြေမည်နည်း....**



ကိုယ်တော်မြတ်စက္ကရမင်းမင်္ဂလာ
အား ဝတ်ပြုဖူးမြော်ခြင်းအားဖြင့်



တမန်တော်လုပ်ငန်းအားဖြင့်
ဆပ်ဖြေခြင်း

## မျှော်မှန်းချက်-

ဆပ်ဖြေခြင်းသီလရှင်များသည် ကိုယ်တော်မြတ်စက္ကရမင်းမဂလာကိုဗဟိုပြု၍ ဝိညာဉ်များ ကယ်တင်ခြင်းရရှိရန်၊ သာသနာတော်ကိုအစေခံရန်နှင့် သာသနာနယ်မြေများရှိ ဆင်းရဲနွမ်းပါးသူများ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆပ်ဖြေခြင်းလုပ်ငန်းများလုပ်ဆောင် ခြင်းဆီသို့။

## လုပ်ဆောင်ချက်-

- သန့်ရှင်းမြင့်မြတ်သောယေဇူး၏ရွှေနှလုံးတော်နှင့် မယ်တော်သခင်မ၏ နှလုံးတော် ထံ အပ်နှံထားသောဆပ်ဖြေခြင်း သီလရှင်များသည် ဆပ်ဖြေခြင်းဘဝ အသက်တာ ဖြင့် နေထိုင်ပါမည်၊
- ကိုယ်တော်မြတ်ကိုဝတ်ပြု ဆုတောင်းပါမည်၊
- မိမိကိုယ်ကို ငြင်းပယ်ပြီး လူသားအားလုံး၏အပြစ်များအတွက်ဆပ်ဖြေပါမည်၊
- ဝိညာဉ်ရေးရာနှင့်လောကီရေးရာကရုဏာလုပ်ငန်းများလုပ်ဆောင်ပြီး သာသနာ နယ်အတွင်းတွင်ရှိသော ဆင်းရဲ နွမ်းပါးသူများ၊ ဘေးဖယ်ခြင်း ခံရသောသူများနှင့် ဖိနှိပ်ခံရသူများအား ပြုစုပျိုးထောင်ပေးခြင်းဖြင့် သာသနာတော်အတွက် မိမိကိုယ်ကို လုံးလုံးလျားလျား ဆက်ကပ်အပ်နှံပါမည်။

## ခေါ်တော်မူခြင်း

ကျွန်ုပ်တို့အား "ဆပ်ဖြေခြင်းအမှုပြုရန်" တစ်နည်းအားဖြင့် "ကယ်တင်ခြင်း အမှုတော်၌ ခရစ်တော်သခင်နှင့် ပူးပေါင်းဆောင်ရွက်ရန်" အတွက် မိမိကိုယ်ကို ယဇ်ကောင်အဖြစ် ပူဇော်ရန် ခေါ်တော်မူခြင်းခံရသည်။

## ဆပ်ဖြေခြင်းသီလရှင်ကျောင်းများ

၁၈၅၉ ခုနှစ် အီတလီနိုင်ငံတွင် တည်ထောင်ခဲ့သည့် ဆပ်ဖြေခြင်းသီလရှင်အသင်းဂိုဏ်းသည် တည်ထောင်သူ ဖာသာရ်ဆာလေးရီယို၏ စိတ်ဓာတ်အတိုင်း အောက်ပါနိုင်ငံများ၌ သာသနာ့အမှုတော်ကို ထမ်းဆောင်လျက်ရှိပါသည်။

## List of Countries of ISR Convents and Sisters

| Country | ISR Convents | ISR Sisters |
|---|---|---|
| Australia | 1 | 5 |
| Brazil | 4 | 13 |
| Italy | 9 | 93 |
| Myanmar | 65 | 367 |
| Papua New Guinea | 1 | 4 |
| Philippines | 1 | 4 |
| **Total** | **81** | **486** |

as of 2022

## List of ISR Convents in Myanmar as of 2022

| Diocese | Number of Convents |
|---|---|
| Taung Ngu Diocese | 20 |
| Taunggyi Archdiocese | 4 |
| Phekhon Diocese | 7 |
| Loikaw Diocese | 15 |
| Lashio Diocese | 9 |
| Mandalay Archdiocese | 1 |
| Myitkyina Diocese | 2 |
| Banmaw Diocese | 2 |
| Yangon Archdiocese | 3 |
| Kyaingtong Diocese | 2 |
| **TOTAL** | **65** |

## မြန်မာနိုင်ငံသို့ရောက်ရှိလာခြင်း

Msgr. Rocco Tornatore (PIME) ၏တောင်းဆိုချက်အရ ပထမဆုံး သာသနာပြု သီလရှင်(၆)ပါးသည် မြန်မာနိုင်ငံသို့ ၁၈၉၅ ခုနှစ် အောက်တိုဘာလ(၂၇)ရက်နေ့တွင် တောင်ငူမြို့ရှိစိန့်ဂျိုးဇက်ကွန်ဗင့်သို့ရောက်ရှိလာပြီး သနာပြုလုပ်ငန်းကိုစတင်ဆောင်ရွက် ခဲ့ပါသည်။ ထိုအချိန်မှစ၍ ယနေ့အချိန်အထိ ဆပ်ဖြေခြင်းသီလရှင်များသည် မြန်မာနိုင်ငံတွင် သာသနာတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိ၏ဘဝကို ဆက်ကပ်ပူဇော်ရင်း ဆပ်ဖြေခြင်း အမှုကို ဆောင်ရွက်လျက်ရှိပါသည်။

## သာသနာပြုလုပ်ငန်းလှုပ်ရှားမှုများ-

သခင်ခရစ်တော်၏ခြေရာနောက်ကိုလိုက်ပြီး၊ မိမိတို့၏(Charism)ကျင့်စဉ်အတိုင်း ဆပ်ဖြေခြင်းသီလရှင်များသည် ဆပ်ဖြေခြင်းစိတ်ဓာတ်ဖြင့် သာသနာပြုလုပ်ငန်းများတွင် ပါဝင်ရန် အမြဲအသင့်ရှိကြသည်။ ဝိညာဉ်ကယ်တင်ခြင်းအတွက် စိတ်အားထက်သန်သော ဆပ်ဖြေခြင်းအသင်းဂိုဏ်းတည်ထောင်သူ ဖာသာရ်ဆာလေးရီယိုသည် ယခင်က (PIME) သာသနာပြုတစ်ဦးဖြစ်ပြီး သာသနာပြုစိတ်ဓာတ်ဖြင့် အမြဲလှုံ့ဆော်ခံခဲ့ရသူဖြစ်သည်။ ထို့ကြောင့် ဆပ်ဖြေခြင်းသီလရှင်များသည် အသင်းဂိုဏ်းတည်ထောင် သူ၏စိတ်ထားနှင့် အညီ ဧဝံဂေလိလုပ်ငန်းနှင့်သာသနာပြုစိတ်ဓာတ် နှစ်မျိုးလုံးဖြင့်မွေးဖွားလာပါသည်။

**ကျွန်ုပ်တို့၏အဓိကတမန်တော်လှုပ်ရှားမှုများမှာ** - ဧဝံဂေလိတရားအားဖြင့် ခရစ်တော်ကို သက်သေခံခြင်း၊ ဒေသန္တရသာသနာအတွင်းရှိဘုန်းတော်ကြီးများ၊ ဆရာတော်များနှင့် ဘာသာရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ အမျိုးသမီးငယ်များ၏ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကူညီလုပ်ဆောင်ခြင်း၊ ကလေးသူငယ်များအား ခရစ်ယာန်

ယုံကြည်ခြင်းဆိုင်ရာပညာပေးခြင်း၊ လူငယ်များနှင့်မိဘများအားပြုပြင်ပုံသွင်းရာတွင် ကူညီပေးခြင်း၊ မယ်တော်တမန်တော်အသင်း၊ မိခင်အားနာအသင်း၊ သံတာမာဒလေးနား အသင်း၊ မယ်တော်သမီးပျိုများအသင်း၊ ရဟန်းမင်းကြီးဆိုင်ရာသာသနာပြုကလေးသူငယ်များအသင်း စသည့်အဖွဲ့အစည်းများအား ဦးဆောင်လမ်းညွှန်ပေးခြင်း၊ နေအိမ်များ၊ ဆေးရုံများ၊ အကျဉ်းထောင်များ၊ ဒုက္ခသည်စခန်းများ၊ ပြန်လည်ထူထောင်ရေးစခန်းများနှင့် အနာကြီးရောဂါသည်စခန်းများသို့သွားရောက်လည်ပတ်ခြင်း၊ မိဘမဲ့ကလေးများအား ပြုစုပျိုးထောင်ပေးခြင်းနှင့် ဘိုးဘွားရိပ်သာများရှိသက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်မှုပေးခြင်း စသည်တို့ဖြစ်ပါသည်။

## ဆပ်ဖြေခြင်းသီလရှင်တစ်ပါးဖြစ်ရန် လျှောက်လှမ်းရမည့်အဆင့်များ

### ဝင်လိုသူအဆင့်



ဤအဆင့်သည် ခရစ်တော်သခင်၏ကယ်တင်ခြင်း လုပ်ငန်းတွင်ပါဝင်လုပ်ဆောင်ရန်ယေဇူးသခင်ထံမှအထူးဆုကျေးဇူးအဖြစ်ပေးအပ်ခြင်းခံရသည်။ဤပထမအဆင့်၏ သက်တမ်းမှာ(၃)လမှ(၆)လအထိဖြစ်ပြီး Human Formation နှင့် Christian Formation ကို သင်ယူရမည့် အချိန်ကာလဖြစ်သည်။

### သီလရှင်လောင်း ပထမအဆင့်


First Year Second Year

ဤအဆင့်သည်စမ်းသပ်ခြင်း အချိန်ကာလဖြစ်၍ သင်းဂိုဏ်း၏ စိတ်နေ သဘောထားများနှင့်အညီ ကုသိုလ်ပါရမီများကို လေ့လာဆည်းပူးခြင်းဖြင့် သူတော်စင်အသက်တာကို အစပျိုးသည့် ကာလလည်းဖြစ်သည် (Directory no. 32)။ ဤအဆင့်သည် (၂)နှစ်တာကာလဖြစ်သည်။ ပထမနှစ်၌ Formation ကျောင်းတွင်ဖြစ်ပြီး ဒုတိယနှစ်မှုကား သီလရှင်ကျောင်းခွဲများတွင် လက်တွေ့ကွင်းဆင်းရသည်။

## သီလရှင်လောင်း ဒုတိယအဆင့်

ဤအဆင့်သည်သူတော်စင်ဘောင်အသက်တာ၏အစဖြစ်သည်။ ဤကာလ၏ရည်ရွယ်ချက်မှာ သင်းဂိုဏ်းတွင် ပြည့်ဝစုံလင်သော အသက်တာအတွက်ပြင်ဆင်ရန်နှင့် ခရစ်တော် အဖြစ်သို့လုံးလုံးအသွင်ပြောင်းသော အသက်တာအတွက် ပြင်ဆင်ရန်ဖြစ်သည်။ ဤကာလသည် ပထမယာယီသစ္စာ (ဖြူစင်ခြင်း၊ဆင်းရဲခြင်းနှင့်နာခံခြင်း)ခံယူရန် အတွက်ပြင်ဆင်သောကာလဖြစ်သည်။


First Year


Second Year

## ယာယီသစ္စာခံဘဝ



ဆပ်ဖြေသူသည်လူသားတို့၏အပြစ်များကိုကယ်ချွတ်တော်မူသော ကယ်တင်ရှင်နှင့် ဆပ်ဖြေသူယေဇူးသခင်၏ သွင်ပြင်လက္ခဏာများကို သူမ၏ဘဝအသက်တာ၌ဆောင်ယူလျက် “ကိုယ်တော်၏ဘုန်းတော်ဂုဏ်တော်နှင့်လူသား တို့၏ ကယ်တင်ခြင်းအတွက်မိမိကိုယ်ကိုဆပ်ဖြေခြင်း၏ ယဇ်ကောင်အဖြစ်ပူဇော်ပါသည်။”



- လောကကြီးကိုစွန့်ခွာပြီး ခရစ်တော်သခင်၏ခင်ပွန်းသည်ကဲ့သို့ ရိုးသားဖြူစင်နှိမ့်ချလျက် နှလုံးသား၌ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝကာ မိမိကိုယ်ကို ခရစ်တော်ဘုရားရှင်အား ထာဝရဆက်ကပ်၍အမှုတော် ထမ်းဆောင်ရန် အမှတ်သင်္ကေတအဖြစ် ခေါင်းဆောင်းကို လက်ခံ ရရှိသည်။



- မိမိ၏စိတ်နှလုံးထဲ၌စွဲမြဲစေပြီး ဘဝအသက်တာ၌သစ္စာရှိရှိ လက်တွေ့ကျင့်ဆောင်ရန် အသင်းဂိုဏ်း၏ဥပဒေစာအုပ်နှင့် ကိုယ်တော်မြတ်ကို ဝတ်ပြုကိုးကွယ်ရာ၌အသုံးပြုရန် အဖြူရောင်ခြုံထည်(Mentle Veil) ကို ခံယူရရှိသည်။



- ဝိညာဉ်ရေးပိုမိုလေးနက်မှုရှိရန်နှင့် တမန်တော်လုပ်ငန်းအတွက်အထောက်အကူပြုရန် အယူဝါဒဆိုင်ရာနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များကို အကျယ်တဝင့် လေ့လာဆည်းပူးရသည်။

- Communityအသက်တာကို ထွေးပိုက်ပြီးမိမိ၏ဘဝကို ဆက်ကပ်အပ်နှံခြင်းဖြင့်ကမ္ဘာလူသားအတွက်၊သာသနာတော်အတွက် တမန်တော်လုပ်ငန်း၌ပါဝင် လုပ်ဆောင်သည်။



***ဤသင်တန်းကာလသည်  ငါးနှစ်တာကာလဖြစ်ပါသည်။



Third Year



First Year



Second Year



Fourth Year



Fifth Year

## ရာသက်ပန်သစ္စာခံပြီးဘဝ

- ထာဝရဘုရင်၏ တို့သမီးအမှတ်လက္ခဏာအဖြစ် ရွှေလက်စွပ်ကို လက်ခံရယူသည်။ ထိုသစ္စာခံသီလရှင်များသည် ဘုရားရှင်ထံ ကတိသစ္စာရွတ်ဆိုပြီးနောက် ၄င်းစာရွက်ကို ယဇ်ပလ္လင်ပေါ်တွင်လက်မှတ်ရေးထိုး ရသည်။
- ပြည့်ဝသောဆပ်ဖြေသူအဖြစ် အသင်းဂိုဏ်း၏ ကြိုဆိုလက်ခံခြင်းကိုရရှိသည်။ သစ္စာခံယူခြင်းဖြင့် ဆပ်ဖြေခြင်းသီလရှင်များသည် အဘဘုရား၏ ဘုန်းဂုဏ်တော်အတွက်နှင့် လူသားတို့၏ကယ်တင်ခြင်းအတွက် တစ်ပါးတည်းသောကြားဝင်ဖျန်ဖြေသူ ကယ်တင်ရှင်သခင်ခရစ်တော်နှင့်အတူပူးပေါင်းကာ  ကယ်တင်ခြင်း လုပ်ငန်း၌ပါဝင် လုပ်ဆောင်သည်။











## ဆက်သွယ်ရန်လိပ်စာ



Mother Cristina Magatti
General Superior

**OUR GENERALATE:**
Istituto Suore della Riparazione
Casa Generalizia Via Padre
Carlo Salerio, 53
20151 Milano

**OUR REGIONALATE:**
St. Joseph Convent
No. 55, Bo Hmu Pho Kun and
Khaymar Streets Corner
Taungngu, Myanmar
Tel. 054-23260



Mother Christina Ah La
Regional Superior